


ရာသီဥတုပြောင်းလဲခြင်းနှင့် ဆက်နွယ်မှုများ
Climate change and its related
ဒေါ်မြ

ယုံချင်ယုံမယုံချင်နေ
Believe it or Not
ဦးတင်ထွန်းအောင်

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့်
ထူးခြားပြီးအရေးပါသည့် ရေတိမ်ဒေသ မုတ္တမ
Nature Base Tour and
Important amazing Ramsar site
Gulf of Martaban
ဦးပြည့်ဖြိုးအောင်

မြန်မာနိုင်ငံ၌သာတွေ့ရသော
မြန်မာ့ဒေသရင်း ငှက် မျိုးစိတ်များ
Myanma Endemic Bird Species
ဒေါက်တာသီရိဒေဝီအောင်

မြန်မာနိုင်ငံ၌သာတွေ့ရသော
မြန်မာ့ဒေသရင်း လိပ် မျိုးစိတ်များ
Myanma Endemic Turtels and Tortoises
ဦးမြင့်ကျော်သူရ

အသင်း၏ဆောင်ရွက်နေသော လုပ်ငန်းများ



## ဂေဟာစနစ်ရဲ့ တန်ဖိုး

လူသားမျိုးနွယ်အားလုံးအတွက် လောကကြီးက သဘာဝအတိုင်း တော၊တောင်၊ရေ၊မြေ၊မြစ်ချောင်း၊အင်းအိုင်၊ပင်လယ်သမုဒ္ဒရာတွေကို အသင့်ဖန်တီးပြီးသားပါ။ စိမ်းလန်းစိုပြေတဲ့သစ်ရိပ်တောရိပ်တွေကြောင့် လူသားနဲ့သတ္တဝါတွေ သန့်ရှင်းလတ်ဆတ်တဲ့လေကို ရှူကြရတယ်၊ ကြည်လင်အေးမြတဲ့ မြစ်ချောင်း၊အင်းအိုင်တွေကြောင့် ရေသယံဇာတပေါကြွယ်ဝပြီးသောက်သုံးခွင့်ရနေကြတယ်။ လူသားနဲ့သတ္တဝါတွေရဲ့ စားဝတ်နေရေးမှန်သမျှကို သဘာဝပတ်ဝန်းကျင်ကလက်ဆောင်အဖြစ်ပေးဆပ်နေဆဲဖြစ်တယ်။ ဒီတန်ဖိုးတွေအားလုံးကို ဂရုတစိုက် ကာကွယ်ထိန်းသိမ်းနိုင်ဖို့ လူသားအားလုံးမှာအသိစိတ်ဓါတ်တွေရှိသင့်နေကြပါပြီ။အထူးသဖြင့် BANCA တာဝန်ယူထားရတဲ့ဇီဝမျိုးစုံမျိုးကွဲကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းတွေဟာ ၂၁ ရာစု ကမ္ဘာကြီးအတွက် များစွာအသုံးဝင်မှာပါ သဘာဝပတ်ဝန်းကျင်ကိုပိုင်းဝန်းထိန်းသိမ်းကြတဲ့နေရာမှာ သစ်တောကဏ္ဍ၊ တွင်းထွက်သတ္တုကဏ္ဍ၊ မွေးမြူရေးကဏ္ဍတွေရယ်လို့ သီးသန့်ဆောင်ရွက်မှုတွေ ရှိကြပေမယ့် လူမှုပတ်ဝန်းကျင်နဲ့ အဓိကချိတ်ဆက်ထားတဲ့ဂေဟာစနစ်ကိုတော့ ထည့်သွင်းစဉ်းစားရာမှာ လိုအပ်ချက်တွေရှိနေဖြီးအားနည်းနေပါသေးတယ် BANCAအဖွဲ့ရဲ့ ပင်မလုပ်ငန်းစဉ်အရ BANCA ဟာ ပျက်စီးယိုယွင်းနေကြပြီဖြစ်တဲ့ ဂေဟာစနစ်တွေကို သဘာဝအလုတရားအတိုင်းတည်တံ့စေဖို့ ပံ့ပိုးပေးနေကြတဲ့ သူတွေဖြစ်တယ်အမှန်တော့ ကမ္ဘာကြီးတစ်ခုလုံးရဲ့ ဂေဟာစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ပေးမှ လူသားမျိုးနွယ်တွေသာမက သတ္တဝါအားလုံးဆက်လက်ရှင်သန် နိုင်ခွင့်ရကြမယ်မြန်မာနိုင်ငံရဲ့ တစ်ချို့ဂေဟာစနစ်လုပ်ငန်းစဉ်တွေကိုBANCAအဖွဲ့အနေနဲ့ အကောင်းအဆိုး အကြောင်းအကျိုးဆောင်ရွက်မှုတွေအဖြစ် ခရီးဆန့်ခဲ့ပြီးပြီ။ ကျန်ရှိတဲ့BANCAရဲ့ သမိုင်းကြောင်းမှာနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ဂေဟာစနစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရင်းမွန်မြတ်တဲ့ စိတ်ဓါတ်ကောင်းတွေ၊ စင်ကြယ်တဲ့မေတ္တာတရားတွေနဲ့ ဖြန့်ကြက် လွှမ်းခြုံပေးသွားနိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။

ဒေါ်ဒေဝီသန့်စင်

## ရာသီဥတုပြောင်းလဲခြင်းနှင့် ဆက်နွယ်မှုများ

သဘာဝပတ်ဝန်းကျင်ဆိုသည်မှာ ရေ၊လေ၊နေ၊တော၊တောင်စသည့် ရုပ်သဘာဝများနှင့် သက်ရှိဇီဝမျိုးစုံကို သဟဇာတဖြစ်စွာပေါင်းစပ်တည်ရှိနေသည့် အရာများဟု ဆိုနိုင်ပါသည်။ ၎င်းသဘာဝအရင်းအမြစ်များနှင့် ဇီဝမျိုးကွဲများ ကြွယ်ဝမှုသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်နွယ်ပက်သက်နေပါသည်။ သဘာဝတရား၏အရေးကြီးသော ရေ၊ လေ၊ နေများမှ တစ်ခုခုမရှိတော့လျှင် ဇီဝမျိုးကွဲများ ရှင်သန်နိုင်ရန် မလွယ်ကူလှပါ။

ယခုအခါတွင်ဇီဝမျိုးစုံအတွက် မရှိမဖြစ်အရေးကြီးသော အရာများဖြစ်သည့် နေဒဏ်၊ ရေဒဏ်၊လေဒဏ် တို့၏ ဖောက်ပြန်မှုများကိုကျွန်ုပ်တို့အားလုံးခံစားနေကြရပါသည်။တစ်နေ့တစ်ခြား ပူပြင်းလာသော နေရောင်ခြည်ဒဏ်ကို အလူးအလဲခံစားနေကြရခြင်း၊ လိုအပ်နေသည့် ရေချိုရရှိနိုင်မှုကို တဖြည်းဖြည်း ဆုံးရှုံးလာကြခြင်း၊ သိမ်းဆည်းချိန်မရလိုက်နိုင်သောလေပြင်း တိုက်ခိုက်မှုများ နှင့် ဇီဝမျိုးကွဲများ မှီတင်းနေထိုင်စားသောက်နိုင်ရန်အတွက် တောတောင်များ တဖြည်းဖြည်းလျော့နည်း ပျောက်ကွယ်လာခြင်းကို ယနေ့ကမ္ဘာကြီးတွင်ရင်ဆိုင်နေကြ ရပါသည်။ ထိုသို့ဖြစ်လာရခြင်းသည်ရာသီဥတုပြောင်းလဲလာခြင်း နှင့် များစွာ သက်ဆိုင်နေ ခြင်းကို ပညာရှင် များက လေ့လာတွေ့ရှိဆန်းစစ်ထားပြီးဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲလာရခြင်းသည် နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကုန်ထုတ်လုပ်မှုအမျိုးမျိုး အတွက် စက်ရုံများ တည်ဆောက် လာခြင်း၊ လူဦးရေတိုးတက်များပြားလာသောကြောင့် နေထိုင်ရန် တော၊တောင်များ ခုတ်ထွင် ရှင်းလင်း လာကြခြင်း၊ ထိုလူဦးရေများပြားလာခြင်းကြောင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လာခြင်း၊ လျှပ်စစ်မီးရရှိရေး အတွက် နူကလီးယားဓါတ်ပေါင်းဖိုများ တည်ဆောက်မှုများပြားလာခြင်း၊ ရေကာတာများတိုးချဲ့ ဆောက်လုပ် လာကြခြင်း၊ စွန့်ပစ်ပစ္စည်း အမှိုက်များ များပြားလာခြင်း၊ စသည်တို့ ကြောင့်ဖြစ်သည်။

စက်ရုံများ များပြားလာ သောကြောင့် ၎င်းတို့မှ ထွက်ရှိလာသော မီးခိုးများသည် လေထုကို ညစ်ညမ်းစေခြင်း၊ ရေဆိုးရေညစ်များ နှင့် စွန့်ပစ်ပစ္စည်းများသည် ရေထုညစ်ညမ်းမှုနှင့် မြေထုညစ်ညမ်းမှုကိုဖြစ်စေပြီးဇီဝမျိုးကွဲများအတွက် အဆိပ် အတောက် များဖြစ်စေပါသည်။ အမှိုက်များ နှင့်မွေးမြူရေးဖုံများမှ ထွက်ရှိလာသော အညစ်အကြေးများသည် မီသိန်း ဓါတ်ငွေ့များကို ထုတ်လွှတ်စေပါသည်။ ၎င်းဓါတ်ငွေ့သည်အိုဇုန်းလွှာထိခိုက်မှုကိုဖြစ်စေသော အဓိက အကြောင်း အရာများတွင် တစ်ချက်အပါအဝင်ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲခြင်းကြောင့်အင်အားပြင်းသော မုန်တိုင်းများ မကြာခဏဖြစ်လာခြင်း၊ ‌ေလျှင်များပြင်းထန်စွာလှုပ်ခက်လာခြင်း၊ တောမီးလောင်ကျွမ်းမှု များပြားလာခြင်း၊ မြေအောက်ရေများခမ်းခြောက်လာခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ ရေခဲတောင်များ အရည်ပျော်လာသောကြောင့် အချို့ ဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာခြင်း၊ ကန္တာရများပိုမိုဖြစ်ထွန်းလာခြင်း၊ အပူရှိန်ပိုမိုမြင့်မားလာခြင်း၊ မိုးများ၍ ရေကြီးရေလျှံမှုများ ဖြစ်လာခြင်း၊ စသည့်သဘာဝကပ်ဘေးမျိုးစုံများကို နေ့ညမခြား အချိန်ကာလမရွေး ကမ္ဘာကြီးတွင်ရင်ဆိုင် နေကြရပါသည်။ ထိုရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးများကြောင့် ဇီဝမျိုးစုံများ နေထိုင်ရပ်တည်နိုင်ရန် စားကျက်များ ပျောက်ဆုံး လာခြင်း၊ ရေချို အရင်း အမြစ်များ နည်းပါးလာခြင်း၊ ကပ်ဘေးများကြောင့်ရောဂါများပေါ်များလာခြင်း၊ သဘာဝအရင်းအမြစ်များနည်းပါးလာခြင်း စသည့် ဆိုးကျိုးများကို ရင်ဆိုင်နေကြရပါသည်။

ထိုရာသီဥတုပြောင်းလဲခြင်းကြောင့် ချူချာနေသော ကမ္ဘာလောကကြီးကို ပြန်လည်ကုစားနိုင် ရန် သစ်ပင်စိုက်ခြင်းနှင့် သစ်တောများစနစ်တကျ ထိမ်းသိမ်းခြင်းသည် နည်းလမ်းကောင်းတစ်ခုဖြစ် သည် ကို ပညာရှင်များက ပြောဆိုထားကြပါသည်။ သစ်ပင်များသည် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး အခြားသက်ရှိများအတွက် အောက်ဆီဂျင်ကိုထုတ်ပေးသည်။ ထို့ပြင် မြေအောက်ရေအဖြစ်လည်း မိုးရေများကိုစုပ်ယူထားပြီး ထိန်းသိမ်း ပေးနိုင်သည်။ သစ်တောများသည် ဇီဝမျိုးစုံအတွက် နေထိုင်စား သောက်နိုင်ရန် စားကျက်များဖြစ်စေသည်။ စားကျက်များ များပြားလာသောကြောင့် ဇီဝမျိုးများကြွယ်ဝ လာနိုင်သည်။ မြေအောက်ရေ အဖြစ်ထိမ်းသိမ်းထားနိုင်သော ကြောင့် ရေချို အရင်းအမြစ်များပေါ်များ လာစေသည်။ ထို့အပြင်သစ်ပင်များသည် နေရောင်ခြည်ကို တိုက်ရိုက်မထိအောင်ဇကာစစ် အနေဖြင့် ကာကွယ်ထားပေး နိုင်ခြင်းကြောင့် လူသားတို့နှင့်တိရိစ္ဆာန်များအတွက် အပူဒဏ်ကို ပြင်းထန် စွာ မခံစား ရတော့ပါ။ မြစ်၊ချောင်းအင်း အိုင်များသို့လည်း နေရောင်ခြည်၏ အပူဓါတ်တိုက်ရိုက်မကျ မှုကြောင့် ရေမျက်နှာပြင်ခမ်းခြောက်မှု ကို တားဆီးထားနိုင်သည်။

"ဥတု၊ ရာသီ တောကိုမှီ" ဆိုသည့်စာဆိုရှိသည့်အတိုင်းဇီဝမျိုးကွဲတစ်ခုဖြစ်သည့်သစ်ပင်များ လျော့နည်း သွားခြင်း သစ်တောများပြုန်းတီးသွားခြင်းသည်အခြားဇီဝမျိုးကွဲများအတွက်ရေရှည်ရပ်တည်နေထိုင်နိုင်ရန် ခက်ခဲမှုများကိုဖြစ်စေ သလို ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ ကိုလည်းဖြစ်စေပါသည်။ အဘယ်ကြောင့်ဆိုသော် ဇီဝမျိုးစုံသည် ရာသီဥတုပြောင်းလဲခြင်းအတွက် အရေးကြီးသောအချက်တစ်ချက်အနေဖြင့် ပါဝင်နေသည်မှာ အမှန်တကယ်ပင်ဖြစ်ကြောင်းကို လေ့လာတွေ့ ရှိရပါသည်။ ဇီဝမျိုစုံများနှင့် သဘာဝအရင်း အမြစ်များသည် သဟဇာတဖြစ်နေရန်မှာ အလွန်အရေးကြီးပါသည်။ တစ်ခုခုဖောက်ပြန်သွားလျှင် ရာသီဥတုပြောင်းလဲမှုများနှင့် ၎င်း၏ဆိုးကျိုးများတရစပ်ဝင်ရောက်လာမည်မှာ လုံးဝအသေအချာ ဖြစ်သလို ဇီဝမျိုးများကြွယ်ဝမှုကိုလည်း အဟန့်အတားများဖြစ်လာစေလာနိုင်ပါသည်။ ယနေ့ကမ္ဘာလောကကြီးတွင် ၎င်းဆိုးကျိုးများကို စတင်၍ ရင်ဆိုင်နေကြရသောကြောင့် မိမိတို့နိုင်ငံ မိမိတို့ နေထိုင်ရာ ကမ္ဘာကြီး တွင် ထိုဆိုးကျိုးများ ယခုထက်ပိုမိုမများပြားလာနိုင်စေရန် အတွက် သစ်ပင်များစိုက်ပျိုးပေးခြင်းနှင့် သစ်တောများထိမ်းသိမ်း ပေးခြင်းဖြင့် ရာသီဥတုပြောင်းလဲခြင်းနှင့်၎င်း၏နောက်ဆက်တွဲဆိုးကျိုးများလျော့နည်းလာအောင်ပိုင်းဝန်းကာကွယ်စောင့်ရှောက်ရန်လိုအပ်လှပါသည်။

ဒေါ်မဥ္ဇူ (BANCA)

**Believe it or Not?**

**Do you believe if a tree is worth nearly 200000 USD ( aprroximately 200 million Kyat)?**

**Let's see if this is true or not?**




There is a sign, at the Eden Nature Park & Resort in City of Davao, Philippines, that says:

Of concern to all! A tree is worth $193,250

According to Professor T.M.Das of the University of Calcutta.

A tree living for 50 years will generate

- $31,250 worth of oxygen, provide $62,000 worth of air pollution control,
- control soil erosion and increase soil fertility to the tune of $31,250,
- recycle $37,500 worth of water and
- provide a home for animals worth $31,250.

"This figure does not include the value of fruits, lumber or beauty derived from trees."

"Just another sensible reason to take care of our forests."

So you should reconsider if you have a plan to cut a tree!

Tin Htun Aung (BANCA)

## အသင်းဝင်တစ်ဦး၏ခံစားခွင့်များ

၁။ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် အလုပ်ရုံ ဆွေးနွေး ပွဲများတွင် တက်ရောက်ခွင့်ရရှိမည်။

၂။ အသင်းတွင်ပြုလုပ်သည့် သင်တန်းများတွင် အရည်အချင်းပြည့်မှီပါက တက်ရောက် ခွင့်လျှောက် ထားနိုင်သည်။

၃။ အသင်း၏တိုးတက်မှုနှင့် ဖြစ်စဉ်များကို News Letter , Gmail, Facebook မှတဆင့် အမြဲတမ်း သိရှိနိုင်ခွင့် ရရှိမည်။

၄။ အသင်း၏စာကြည့်တိုက်ကို အသုံးပြုခွင့်ရရှိမည်။

၅။ သုတေသနဆိုင်ရာလက်တွေ့သင်တန်းများကို လည်း ကျွမ်းကျင်သူများနှင့် အခါအားလျော်စွာ ကွင်းဆင်း ဆောင်ရွက်ခွင့်ရရှိပြီး၊ အသင်းမှ ဆောင်ရွက်နေသော ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ကိုင်ခွင့် များရရှိမည်။

၆။ အသင်းမှဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများတွင် အရည်အချင်းပြည့်မှီသော အသင်းသားများကို ဦးစားပေးခန့် အပ်တာဝန်ပေးသွားမည်။

၇။ အရည်အချင်းပြည့်မှီသော အသင်းသားများသည် နိုင်ငံတကာပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များမှ အသင်း သို့ဖိတ်ခေါ်ကမ်းလှမ်းလာသော သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ ၊အစည်းအဝေးများသို့ အခါအားလျော်စွာ တက်ရောက်နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်ပါမည်။


**"ဂေဟစနစ်တည်မြဲဖို့၊ ဇီဝမျိုးစုံထိန်းသိမ်းစို့"**

အသင်းမှ ထုတ်ဝေသော လက်ကမ်း
စာဆောင်များ၊ စာတမ်းများ၊ စာအုပ်များတွင် ထည့်သွင်းရန်၊
ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်း သိမ်းရေးနှင့်
သက်ဆိုင်သောစာမူများ၊ ဓါတ်ပုံမှတ်တမ်း
များကို အောက်ပါ လိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ သင့်တော်သော
စာမူများ၊ ဓါတ်ပုံများကို တရားဝင်အသုံးပြုကြောင်းမှတ်တမ်းတင်၍
အလျဉ်းသင့် သလိုဖော်ပြသွားပါမည်။



bancamyanmar@gmail.com

# သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် ထူးခြားပြီးအရေးပါသည့် ရေတိမ်ဒေသမုတ္တမ



မုတ္တမပင်လယ်ကွေ့တည်နေရာပြပုံ

မုတ္တမပင်လယ်ကွေ့ဧရိယာသည် အနောက်ဘက်ကမ်းတွင် ရန်ကုန်တိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် အရှေ့ဘက်ကမ်းတွင် မွန်ပြည်နယ်တို့ ပါဝင်ပါသည်။ ထို့အပြင် ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တို့နှင့်လည်း နယ်နိမိတ်ချင်း ထိစပ်နေပါသည်။ မုတ္တမပင်လယ်ကွေ့နယ်နမိတ်မှာ ယခင်ကဆိုလျှင် ပဲခူးတိုင်း ညောင်ခါးရှည်ကျေးရွာမှစပြီး အရှေ့ဘက်ကမ်းတွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ခင်တန်းကျေးရွာနှင့် အနောက်ဘက်ကမ်းတွင် ရန်ကုန်တိုင်း၊ မင်းရွာအသင်တွင် နယ်နိတ်အဆုံးသတ်ပါသည်။ တြိဂံပုံသဏ္ဍာန်ရှိပါသည်။ ဧရိယာအားဖြင့် ဟက်တာပေါင်းသိန်းကျော်ရှိပြီး ရေတက်ရေကျအရမ်း မြန်ဆန်သောနေရာတစ်ခုဖြစ်သည့်အပြင် အဓိကစီးဆင်းသောမြစ်မှာ စစ်တောင်းမြစ်ဖြစ်ပြီး ထူးခြားသည့် ရေနောက်ဇုန်ထဲတွင် ပါဝင်နေပါသည်။ ဒီရေအမြင့်ဆုံးမှာ(၇) မီတာရှိပြီး အနိမ့်ဆုံးမှာ(၄)မီတာခန့်ရှိပြီး ပျမ်းမျှရေအနက်မှာ(၆)မီတာခန့်သာရှိပြီး အချို့နေရာများတွင်(၁၀)ပေခန့်သာရှိသောရေအနက်ကိုလည်း ထူးခြားစွာ တွေ့ရှိရပါသည်။ ထိုသို့ရေအတက်အကျမြန်ဆန်မှုကြောင့် နှစ်စဉ်ရေစီးကြောင်းများပြောင်းလဲလာပြီးသောင်များ ရွှေ့လျား ဖြစ်ထွန်းမှုမှာလည်း အမြဲပြောင်းလဲနေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ရေနေသတ္တဝါများအတွက် အစာရေစာပေါများမှုကို တွေ့ရှိရပြီး ဒေသခံများအတွက် နေ့စဉ်ရိက္ခာများကို ထောက်ပံ့ပေးနေသောနေရာတစ်ခုလည်း ဖြစ်ပါသည်။

မုတ္တမပင်လယ်ကွေ့အတွင်းနေထိုင်ကြသောလူမျိုးအများစုမှာ မြန်မာလူမျိုးအများ ဆုံးဖြစ်ကြပြီး၊ မွန်၊ ပအို့နှင့် ကရင်လူမျိုးအနည်းစုကို သာတွေ့ရှိရပါသည်။ အရှေ့ဘက်ကမ်းရှိမွန်ပြည်နယ်၊ ပေါင်မြို့နယ်အလုပ်ကျေးရွာနှင့် ခင်တန်းကျေးရွာတွင် သာမွန်လူမျိုးများကို တွေ့ရပါသည်။ ဘာသာစကားအနေဖြင့် မြန်မာစကားကို သာအဓိကပြောဆိုကြပါသည်။ စီးပွါးရေးအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်း နှင့် ရေလုပ်ငန်းတို့ကို လုပ်ကိုင်သည်ကို တွေ့ရပါသည်။ အထူးသဖြင့် မုတ္တမပင်လယ်ကွေ့ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိကြသောကျေးရွာများတွင် ရေလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည်ကို တွေ့ရပါသည်။

လမ်းပမ်းဆက်သွယ်ရေးအနေဖြင့် ကုန်လမ်းနှင့် ရေလမ်းတို့ကို အသုံးပြုနိုင်ပြီး ထူးခြားချက်အနေဖြင့် မုတ္တမပင်လယ်ကွေ့အတွင်း လိုင်းရေယာဉ်များပြေးဆွဲခြင်းမရှိသည်ကို တွေ့ရပါသည်။ လှေအရွယ်အစားအနေဖြင့် အလယ်အလတ်ခန့်သာရှိသောလှေကို သာအသုံးပြုကြပါသည်။ အဘယ်ကြောင့်ဆိုသော် ရေတိမ်ဒေသဖြစ်ပြီး ရေအတက်အကျအလွန်သန်သောနေရာဖြစ်သဖြင့် လှေအကြီးကို အသုံးပြု၍မရနိုင်သည်ကို တွေ့ရပါသည်။

မုတ္တမပင်လယ်ကွေ့ဒေသသည် မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာလုံးဆိုင်ရာအတွက်ပါ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအတွက် အင်မတန်အရေးကြီးသည့် နေရာတစ်ခုဖြစ်သည်ကို တွေ့ရပါသည်။

မုတ္တမပင်လယ်ကွေ့အရှေ့ဘက်ကမ်းရှိ တောင်စဉ်တောင်တန်းများပေါ်တွင် လက်ညှိုးထိုး၍မလွဲ လောက်အောင်များပြားလှစွာသောစေတီပုထိုးများကို ကြည်ညိုဖူးမြော်နိုင်ပါသည်။ မြန်မာပြည်တွင် တန်ခိုးကြီးလှသောကျိုက်ထီးရိုးဆံတော်ရှင်ကို အရှေ့ဘက်ကမ်းကျိုက်ထိုမြို့နယ်တွင် ဖူးမြော်ကြည်ညိုနိုင်ပြီး တောတောင်သဘာဝအလှတရားများကိုလည်း လေ့လာနိုင်ပါသည်။

ထို့အပြင် ကျိုက်ထိုတွင် ကျိုက်ပေါလောမည့်ရှင်၊ ကျိုက်ထီးရိုးကလေး၊ ထိုမှရှေ့ဆက်သွားလျှင် ဘီးလင်းမြို့နယ်တွင် ကျိုက်ထီးဆောင်း၊ သထုံတွင် ရွှေစာရံစေတီ၊ အလံတရာနှင့် ပေါင်မြို့နယ်တွင် နွားလဘို့တောင်၊ ဇင်းကျိုက်ရေတံခွန်တို့အပြင် မော်လမြိုင်ရှိ တောင်ရိုးတန်းစေတီပုထိုးများကိုလည်း ဖူးမြော်ကြည်ညိုနိုင်ပါသည်။ မုတ္တမနှင့် မော်လမြိုင်ကို ဆက်သွယ်ထားသောသံလွင်တံတား(မော်လမြိုင်)ပေါ်မှဖြတ်သွားလျှင်လည်း သံလွင်မြစ်အလယ်တွင်ရှိသော ရှေးအခါကရှင်ဘုရင်များ အထွတ်အမြတ်ထား ခေါင်းဆေးကြသည့် သမိုင်းဝင်ခေါင်းဆေးကျွန်း ရေလယ်ဘုရားကိုလည်း တွေ့နိုင်ပါသည်။ မော်လမြိုင်မြို့မှ တဖက်ကမ်းသို့ လှမ်းမျှော်ကြည့်ပြန်ရင်လည်း ချောင်းဆုံမြို့နယ်ရှိ ဘီလူးကျွန်းသို့လည်း သဘော်ဖြင့် အလည်သွားနိုင်ပါသည်။ ဘီလူးကျွန်းတွင် ကျေးရွာပေါင်း(၆၀)ကျော်ရှိပြီး ယဉ်ကျေးပျူငှာသောမွန်လူမျိုးတို့များ၏လေ့စရိုက်များကို တွေ့နိုင်သည့်အပြင် သင်္ကြန်ကာလ၏ ထူးခြားသည့် ရိုးရာအစားအစာဖြစ်သော သင်္ကြန်ထမင်းကိုလည်း သုံးဆောင်နိုင်သည်။ ထို့အပြင် လက်မှုလုပ်ငန်းများဖြစ်သော ကျောက်သင်ပုန်းကျောက်တံလုပ်ငန်းနှင့် နိုင်ငံခြားသားများ အထူးနှစ်ခြိုက်သည့် တုတ်ကောက်၊ ဆေးတံစသည့် အိမ်တွင်း လက်မှုလုပ်ငန်းများကိုလည်း မှတ်တမ်းတင်နိုင်ပါသည်။ သံဖြူဇရပ်မြို့နယ်ရှိ ကျိုက္ကမီရေလယ်ဘုရားကိုလည်း ရှမဝအောင်ဖူးမြော်နိုင်ပါသည်။ ထို့အပြင် မြန်မာသာသနာတော်ထွန်းကားရာဖြစ်သောသထုံပြည်၊ သုဝဏ္ဏဘူမိမြို့ဟောင်း၊ ကျိုက်ထိုမြို့ရှိ ကျိုက္ကသာမြို့ဟောင်းများ၏ သမိုင်း တို့ကို လေ့လာနိုင်သလို၊ ရှေးခေတ်မင်း၊ ဘုရင်များ၏ နန်းမြို့ရိုးဟောင်းများကို ဖြစ်သော ဝင်းကမြို့ဟောင်း၊ ဆင်တပ်မြင်းတပ် ဂဝံတံတိုင်း၊ ကတိုက်ကြီးခံတပ်၊ မုတ္တမမြို့ဟောင်းနှင့် စမ္ပနဂိုမြို့ဟောင်း တို့ကို ဘီးလင်း၊ သထုံမြို့နှင့် ပေါင်မြို့နယ် မုတ္တမမြို့တို့တွင် လေ့လာနိုင်ပါသည်။ မုတ္တမပင်လယ်ကွေ့အနောက်ဘက်ကမ်းတွင်မူ ကျောက်တန်းမြို့နယ်တွင် ထင်ရှားသော ကျိုက်မှော်ဝန်းကျောက်တန်းရေလယ်ဘုရားကို ဖူးမြော်နိုင်သည့်အပြင် သံတဲကျေးရွာရှိပင်လယ်ကမ်းခြေတွင် ယခင်ကအသုံးပြုခဲ့သောမီးပြတိုက် အဟောင်းနှင့် ရှေးအခါကအသုံးပြုခဲ့ကြသောမြို့ရိုးဟောင်းကိုလည်း ပင်လယ်ကမ်းခြေတွင် တွေ့နိုင်ပါသည်။





မုတ္တမပင်လယ်ကွေ့အတွင်းအနောက်ဘက်ကမ်းရှိ မီးပြတိုက်ဟောင်းနှင့် မြို့ရိုးဟောင်း



သို့ပါ၍မုတ္တမပင်လယ်ကွေ့ဒေသသည်နိုင်ငံတကာရေတိမ်ဒေသများ၏စံနှုန်းနှင့်ကိုက်ညီသည့်အပြင်လွန်စွာမှ အရေးကြီးလှသောနေရာတစ်ခုဖြစ်ပေသည်။ ထို့ကဲ့သို့ သဘာဝသယံဇာတ များပေါကြွယ်သည့်ရေတိမ်ဒေသတစ်ခုမှ ဒေသခံများအတွက် အဖိုးမဖြတ်နိုင်သောရိက္ခာများကိုရရှိစေနိုင်သည့်အ ပြင်သဘာဝအခြေခံခရီးသွားလုပ်ငန်းကိုဆောင်ရွက်အကောင်အထည် ဖော်နိုင်ပေသည်။ ထို့သို့ လုပ်ဆောင်ခြင်းအားဖြင့်နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိစေမည့်အပြင်ဒေသခံများအတွက်ပညာရေး၊လူမှုရေး၊စီးပွါးရေးလုပ်ငန်း များပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်သည့်အလားအလာများကိုတွေ့ရှိရပါသည်။ယခုအခါပွင့်လင်းလာသောခေတ်နှင့်အညီမြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်လာသောကမ္ဘာလှည့် ခရီးသွားများဝင်ရောက်လာနှုန်းကလည်း သိသာထင်ရှားစွာတိုးတက်လာသည်ကိုတွေ့မြင်ရပါသည်။ထိုသို့ရောက်ရှိလာကြသောခရီးသွားများအနေဖြင့်မုတ္တမပင်လယ်ကွေ့တွင်ဆောင်းခိုငှက်ကြည့်ခြင်းလုပ်ငန်းကို လုပ်ဆောင်နိုင်သည့်အပြင် ယဉ်ကျေးမှုဆိုင်ရာများကိုလေ့လာလိုသူများ အနေဖြင့်လည်း သင့်တော်သည့်နေရာတစ်ခုဖြစ်ပေသည်။ ထိုကဲ့သို့ကိုယ့်မြေ၊ကိုယ့်ရေ၊ကိုယ့်ဌါနေတွင်ရှိနေသောသဘာဝအရင်းအမြစ်များကိုအကျိုးရှိစွာအသုံးချနိုင်ရေးသည်လည်းအင်မတန်အရေးကြီးသည့်ကဏ္ဍတစ်ခုဖြစ်လာပါသည်။ ဒေသအတွင်းသဘာဝပတ်ဝန်းကျင်ဆုတ်ယုတ်ပြီးတိုးတက်လာသော စက်မှုလုပ် ငန်းများနှင့်ယှဉ်လျှင်ယခုကဲ့သို့ ပတ်ဝန်းကျင်မထိခိုက်ပဲကိုယ့်မြေ၊ကိုယ့်ရေပေါ်တွင်ရှိနေ သောသဘာဝအလှတရားများကို နိုင်ငံတကာသို့ဖိတ်ခေါ်ပြသခြင်းဖြင့် နိုင်ငံဂုဏ်ကိုဖော်ဆောင်နိုင်သည့်အပြင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလုပ်ဆောင်နိုင်ပါသည်။သို့ပါ၍ဒေသခံများအနေဖြင့်ကိုယ့်မြေ၊ကိုယ့်ဌါနေကိုချစ်တတ်၊ မြတ်နိုးတတ်စေဘို့အင်မတန်အရေးကြီးလှပေသည်။ထို့ကြောင့်နောင်လာမည့်အနာဂတ်တွင်လက်ဆင့်ကမ်းဆက် လက်ထိန်းသိမ်းကြမည့်မိမိတို့၏မျိုးဆက်သစ်များအတွက်ရှိနေသောသဘာဝအရင်းအမြစ်များကိုအကုန်ထုတ်ယူသုံးစွဲခြင်းမပြုပဲရေရှည်တည်တံ့သောသဘာဝအရင်းအမြစ်များအဖြစ်ထိန်းသိမ်းလက်ဆင့်ကမ်းနိုင်စေရန်ရည်ရွယ်ရေးသားလိုက်ပါသည်။




မုတ္တမပင်လယ်ကွေ့အတွင်းအရှေ့ဘက်ကမ်းဘီးလင်းမြို့နယ်ရှိ ဝင်းကမြို့ရိုးဟောင်း

ဦးပြည့်ဖြိုးအောင်
စီမံကိန်းမန်နေဂျာ
BANCA

# Myanmar Endemic Bird Species
## (မြန်မာနိုင်ငံ၌သာတွေ့ရသည့် မြန်မာ့ဒေသရင်း ငှက်မျိုးစိတ်များ)



White - throated Babbler (စွေ့)

Distribution - Central and South Myanmar.
It is commonly found below 1200 feets.
i.e Yangon, Bago, Mandalay, Magwe and lower Sagaing divisions.
Status - Common



White - bellied Minivet (ငှက်မင်းသားဝမ်းဖြူ)

Distribution - Central and South Myanmar.
i.e Mandalay, Magwe and lower Sagaing Divisions.
Status – Rare



Burmese Bushlark (Myanmar Bushlark) (မြန်မာဘီလုံး)

Distribution - South and Central Myanmar.
i.e Bago, Mandalay, Magwe and lower Sagaing Divisions.
Status - common.



Hooded Treepie (နဖါးကြျး)

Distribution - South, Central and North Myanmar.
It is commonly foundbelow 900 Meters.
i.e Bago, Magwe, Sagaing divisions and Kachin state.
Status - common



White - browed Nuthatch Sitta victoria
(မျက်ခုံးဖြူငှက်ပြာခြောက်)

Distribution - Mt. Victoria (Natmataung) of Southern Chin State at elevation above 8000ft.
Not even found in Central Chin.
Status – Locally uncommon to Rare



Burmese Tit (မြန်မာ့တစ်ငှက်)

Distribution - only in the Chin hills.
Easy to see it in Mt Victoria.

Dr. Thiri Dae We Aung
Conservation Manager
BANCA

# Myanmar Endemic Species of Turtles and Tortoises

## (မြန်မာနိုင်ငံ တွင်တွေ့ရသော မြန်မာ့ဒေသရင်း လိပ် မျိုးစိတ်များ)



*Melanochelys trijuga edeniana* (Myanmar Black Turtle)

IUCN (2013) - Nearly Threatened
CITES(2013) - Appendix II
MWL (1994) - Protected
MFL (1993) - Protected
Distribution - Bago Region, Kachin State, Magwe Region, Mandalay Region, Sagaing Region and Shan State.



*Heosemys depressa* (Rakhine Forest Turtle)

IUCN (2013) - Critically Endangered
CITES(2013) - Appendix II
MWL (1994) - Protected
MFL (1993) - Protected
Distribution - Rakhine State and Western Ayeyarwady Region.



*Morenia ocellata* (Myanmar Eyed Tortoise)

IUCN (2013) - Vulnerable
CITES(2013) - Appendix I
MWL (1994) - Protected
MFL (1993) - Protected
Distribution - Throughout except at high elevation



*Cuora amboinensis lineata* (Myanmar Box Turtle)

IUCN (2013) - Vulnerable
CITES(2013) - Appendix II
MWL (1994) - Protected
MFL (1993) - Protected
Distribution - Kachin State, Kayah State, Kayin State, Mon State, Shan State and Tanintharyi Region.




*Batagur trivittata* (Myanmar Roofed Turtle)

IUCN (2013) - Endangered
CITES(2013) - Appendix II
MWL (1994) - Protected
MFL (1993) - Protected
Distribution - Formerly Ayeyarwady, Chindwin and Sittaung rivers, including larger tributaries. Now, rarely found Chindwin river (Sagaing Region) and Dokhtawady river (Mandalay Region)



*Geochelone platynota* (Myanmar Star Tortoise)

IUCN (2013) - Critically Endangered
CITES(2013) - Appendix I
MWL (1994) - Protected
Distribution - Magwe Region, Mandalay Region and Sagaing Region



*Lissemys scutata* (Myanmar Flapshell Turtle)

IUCN (2013) - Data Deficient
CITES(2013) - Appendix II
MWL (1994) - Protected
MFL (1993) - Protected
Distribution - Throughout in Myanmar



*Chitra vandijkii* (Myanmar Narrow-headed Softshell Turtle)

IUCN (2012) - Critically Endangered
CITES(2013) - Appendix I
MWL (1994) - Protected
MFL (1993) - Protected
Distribution - Ayeyarwady Region, Bago Region, Kachin State,
Magwe Region, Mandalay Region, Mon State,
Sagaing Region and Shan State.

Myint Kyaw Thura

# January







10.1.2014 BANCA annual meeting at Park Royal Hotel





11.1.2014 Bamboo Lover Gathering meeting at Orchid Hotel





24.1.2014 Preparation of Moeyunngyi Education Center for World WetLand Day





31.1.2014 CSO Funfair at Pyi Thu Oo Yin (Thanks to Action Times Foundation)

# February



22.2014 World Wetlands Day at Moeyunngyi Ramsar site Wetland Sanctuary



Chairperson received
'Outstanding Women Leadership Achievement Award'



15.2.2014 Meeting with Bombay Natural History Society(BNAS)Mumbai,India



24.2.2014 to 2.3.2014 - Moeyunngyi Field Survey (Rapid Assessment)

# March



17.3.2014 Meeting with Thai Wetland Foundation, Bangkok, Thailand





22.3.2014 Pilot Saturday Event, BANCA office (Every Saturday - 2:00 PM)





29.3.2014 Gulf of Martaban field survey (fishery survey)

# Other Activities



















